
မာလာဆောင် ပြည်လမ်းရှေ့မှာ
စာရေးသူ - မိုးစွေ

## "မာလာဆောင် ပြည်လမ်းရှေ့မှာ "

"မာလာဆောင်နဲ့ ပတ်သက်လို့ ပုံပြင်လေးတစ်ပုဒ် ကြားဖူးတယ် ပုံပြင်ထဲက ဇာတ်လိုက်ကြီး ဘယ်သူလဲလို့ မမေးပါနဲ့ ..."

အားလုံး သိထားပြီးသားဖြစ်တဲ့ "အဆောင်သရဲ" ဆိုတဲ့ သီချင်းသံကို မထင်မှတ်ဘဲ ကြားမိလိုက်တဲ့ ကျွန်တော် မနက် စောစောစီးစီးတောင် ကြက်သီးထမိ သွားတယ်၊ ဒီသီချင်းလေးကလည်း အချစ်စွဲနဲ့ ကွယ်လွန်သွားရင်း မကျွတ်ဘဲ သရဲဖြစ်သွားတဲ့ သူ တစ်ယောက်အကြောင်း ဖြစ်ရပ်မှန်ကို ရေးဖွဲ့သီကုံး ထားတာလို့ သိထားဖူးတယ်လေ...၊ ဒီလောက်နဲ့ ကြက်သီး ထမိတယ်တော့ မထင်ပါနဲ့ ... ကျွန်တော်ကိုယ်တိုင်လည်း မနေ့ညကလေးတင် မာလာဆောင်နားမှာ သရဲခြောက်ခံခဲ့တာကို...။

***

အဲဒီနေ့ညက မှတ်မှတ်ရရ ကျွန်တော်တို့ လှည်းတန်းမှာ သင်တန်းအတူတူ တက်နေကြတဲ့ သူငယ်ချင်းတွေထဲက တစ်ယောက်ရဲ့ မွေးနေ့ပွဲလေး၊ သူ့မွေးနေ့မှာ သူပျော်သွားအောင် သူငယ်ချင်းကို surprise လုပ်ပေးမယ်ဆိုပြီး လှည်းတန်းစင်တာက Seasons မုန့်ဆိုင်လေးမှာ ကိတ်မု

န့်ကလေး ခွဲပေးဖြစ်ခဲ့ကြတယ်၊ ပျော်ပျော်ပါးပါးနဲ့ ဓာတ်ပုံတွေ ရိုက်ကြပြီး ကျွန်တော်တို့ စကားတွေ ဖောင်ဖွဲ့ ပြောကြရင်းကနေ အချိန်တွေ ကုန်မှန်းမသိ ကုန်လာခဲ့တယ်။

ရုတ်တရက် ကျွန်တော် နာရီကို ကြည့်မိလိုက်တော့ ...

"ဟင်... ဖနာရီတောင် ခွဲနေပြီ... ဟ... ဟော့ကောင်တွေ ပြန်ကြရအောင် ဒီအချိန် ကားကျပ်ပြီဟ... ကားမရတော့ရင်တော့ ပြဿနာပါပဲ"

ကျွန်တော် အလန့်တကြား ပြောလိုက်တဲ့ စကားသံက တော်တော်လေး ကျယ်သွားတယ် ထင်တယ် ဘေးစားပွဲဝိုင်းက လူတွေကပါ ကျွန်တော့်ကို တစ်ချက် ကြည့်သွား ကြသေးတယ်... သူငယ်ချင်းတွေလည်း ကျွန်တော်ပြောမှ ဝရုန်းသုန်းကားနဲ့ ဆိုင်က ထဖို့ ပြင်ဆင်ကြတယ်လေ။

ဆိုင်ကနေ ထွက် လာပြီး ကျွန်တော်တို့ တွေ တစ်နေရာတည်းကနေ သက်ဆိုင်ရာ မြို့နယ်တွေဆီကို ရောက်နိုင်မယ့် ကားမှတ်တိုင် တစ်ခုဆီ အတူတူ လျှောက်သွား ဖြစ်ခဲ့ကြတယ်... အဓိကက ကျွန်တော်တို့ အဖွဲ့ထဲမှာ မိန်းကလေးတစ်ယောက် ပါလာတော့ သူ့တစ်ယောက်တည်း ပြန်ဖို့ အားလုံးက စိတ်မချကြတာနဲ့ ကားမှတ်တိုင် လိုက်ပို့ဖြစ်တာလဲ ပါတယ်ဗျ၊ နောက်တစ်ချက်က သူစီးမယ့်မှတ်တိုင်က ဆိုလည်း ကျွန်တော်တို့တွေ အိမ်တွေရှိတဲ့ မှတ်တိုင်တွေဆီကို ရောက်တဲ့ ကားတွေပေါ်တယ်လေ၊ ကျွန်တော်တို့ စီးနေကျ မှတ်တိုင်တွေမှာ အချိန် နောက်ကျနေတော့ ကားအလာ ကျဲသွားပြီ မဟုတ်လား။

အဲဒီလိုနဲ့ ကျွန်တော်တို့ တွေ အတူတူကားစီးဖို့ လှည်းတန်း စင်တာဘက်ကနေ ပြည်လမ်းမကြီးအတိုင်း လမ်းလျှောက် လာခဲ့ကြတယ်၊ အတော်လေး လျှောက်လာခဲ့ပြီးတော့ မာလာမှတ်တိုင်ဆိုတဲ့ ကားမှတ်တိုင်ကို ရောက်လာခဲ့ကြတယ်ဗျ၊ ကားမှတ်တိုင် ရောက်တော့ သူငယ်ချင်း

တွေထဲက သူငယ်ချင်း မိန်းကလေးက ကပိုကရို အမူအရာနဲ့ ...

"ဟာ... တော်သေးတယ် အခုမှ သတိရလို့ ... ငါ လွန်ခဲ့တဲ့ အပတ်က အလုပ်ကိစ္စနဲ့ မြိတ်ဘက် ခရီးသွားတုန်းက နင်တို့ ကို ပေးဖို့ ဆိုပြီး မြိတ်ဘက်က ငါးပိ၊ ပုစွန်ခြောက်၊ ငါးမုန့်တွေ ပါလာတာ... ငါတစ်နေကုန်မေ့နေတာ... ပြန်ခါနီးမှ သတိရလို့ တော်ပါသေးရဲ့ " ဆိုပြီး ပြောပြောဆိုဆိုနဲ့ သူ့အိတ် သေးသေးလေးထဲကနေ သေသေချာချာခွဲပြီး ထုပ်ပိုးထားတဲ့ အထုပ်လေးတွေကို ထုတ်ရင်း ကျွန်တော်တို့ ကို လှမ်းပေးလိုက်တယ်၊ သူ့စေတနာကိုတော့ ကျေးဇူးတင်ပေမဲ့ ငါးပိမကြိုက်တဲ့ ကျွန်တော့်အတွက်တော့ သူ ကမ်းပေးလိုက်တဲ့ အထုပ်ထဲက ထောင်းခနဲ ထွက်လာတဲ့ ငါးပိအနံ့တွေက ဆိုးရွားလွန်းတယ်၊ ဒါပေမဲ့လည်း တစ်ဖက်လူ စိတ်မကောင်း ဖြစ်သွားမှာ စိုးလို့ ရယ်... အိမ်က အဖေနဲ့ အမေတို့ ငါးပိကြိုက်တာကို သိထားလို့ ရယ်ကြောင့် ကြိုးစား ပြုံးပြလိုက်ရင်း ကျေးဇူးတင်စကား ဆိုခဲ့လိုက်သေးတယ်။

သူငယ်ချင်း မိန်းကလေး ပေးလိုက်တဲ့ မြိတ်ကပါလာတဲ့ လက်ဆောင် အထုပ်လေးကို ငါးပိမကြိုက်တဲ့ ကျွန်တော့်လက်တွေ အနံ့ကူးကုန်မှာ စိုးလို့ တောင် ကျွန်တော် လက်မပြောင်းဘဲ သူပေးတဲ့ အတိုင်း လှမ်းယူဖြစ်တဲ့ ဘယ်ဘက်လက်မှာ ပဲ ဆက်ဆွဲထား ဖြစ်ခဲ့တယ်၊ အများအမြင်မှာ တော့ ကျွန်တော်က နည်းနည်း ဇီဇာကြောင်တဲ့ သဘောမှာ ရှိတယ်ဗျ... တကယ်လည်း အဟုတ်...၊ ဒီလိုနဲ့ ကျွန်တော်တို့ လူစု ကားမှတ်တိုင်မှာ ကားစောင့်နေရင်း စာအုပ်တွေ ထည့်ထားတဲ့ လွယ်အိတ်တွေကလည်း ပါလာတာကြောင့်မို့ မတ်တတ်ရပ်ထားရင်း ကြာတော့ ညောင်းလာကြတယ်၊ ကားမှတ်တိုင်က ခုံတွေ ကြည့်ပြန်တော့ ...

တစ်ခုံမှ မလွတ်ဘူး... အကုန်လူတွေ အပြည့် ထိုင်ရင်း ကားစောင့်

နေကြတာကို မြင်ရပြန်ရော... မကြာပါဘူး ကျွန်တော်တို့ အဖွဲ့ထဲက သူငယ်ချင်း တစ်ယောက်က ကားမှတ်တိုင်ဘေးမှာ ရှိတဲ့ ကွမ်းယာဆိုင် မုန့်ဆိုင်သေးသေးလေး အနောက်ဘက်မှာ ရှိတဲ့  အုတ်ခုံ ခပ်မြင့်မြင့်လေးကို ညွှန်ပြနေတယ်ဗျ... သူဆိုလိုတာက ...

ထိုင်ကြရအောင်ပေါ့... အဲဒီသဘောပဲ... ဒါပေမဲ့ ကျွန်တော်တို့ ကြံစည်နေတုန်းမှာ ပဲ အဲဒီထိုင်ခုံလေးမှာ လည်း အခြားသူတွေ နေရာယူသွားကြပြန်တယ်... နောက်ဆုံး အရမ်း ညောင်းလာတယ်... ကားကလည်း တော်တော်နဲ့ မလာဘူးရယ်၊ ကျွန်တော်လည်း ထိုင်စရာလေးများ ရှိလေမလားလို့ သေချာ လိုက်ကြည့်မိတော့ ...

ကားမှတ်တိုင် ကျောဘက် မျက်စောင်းထိုး ... ခုနက ကွမ်းယာဆိုင်သေးသေးလေးနဲ့ အုတ်ခုံအမြင့်ရဲ့ အနောက်ဘက် တည့်တည့်မှာ ရှိတဲ့ မာလာဆောင်ဆိုတဲ့ ဆိုင်းဘုတ်ကြီး ရေးဆွဲထားတဲ့ နေရာ... ဝင်းတံခါးကြီး ဘေးနားလေးက ခပ်မို့မို့လေး ဖြစ်နေတဲ့ ကွန်ကရစ်တုံးပုပုလေးတွေကို သွားမြင်တာနဲ့ ကျွန်တော် ပြေးထိုင် လိုက်မိတယ်။

ကျွန်တော် ပြေးထိုင်တာကို မြင်တော့ သူငယ်ချင်းတွေလည်း လိုက်လာပြီး ကပ်ထိုင် နေကြတယ်ဗျ၊ ကျွန်တော်တို့ ထိုင်စရာလေးလည်း ရရော... ရောက်တက်ရာရာ စကားတွေ ပြောကြရင်း ကားမှတ်တိုင်ကနေ ကားအလာကို စောင့်ကြည့် နေမိကြတယ်။

ပတ်ဝန်းကျင် တစ်ခုလုံးက တော်တော်လေး မှောင်လို့ ... အချိန်က ၇ နာရီကို တော်တော်လေး ကျော်နေပြီ... နွေဦးမို့ထင်တယ်... လေနုအေးလေးတောင် မတိုက်ခတ်ဘူး...  တစ်ကိုယ်လုံးလည်း ပူအိုက်ယားယံသလို ခံစားမိတယ်... အိုက်စက်စက်ကြီး... ကျွန်တော်တို့ ထိုင်နေတဲ့ အပေါ်တည့်တည့်မှာ သစ်ပင် အကြီးကြီးတွေက အုံ့မိုးထားသေးတယ်ဗျ၊ ညဘ

က်မို့ အမြင်အာရုံ အားနည်းတဲ့ ကျွန်တော့်အတွက် ဘာအပင်ဆိုတာ ခွဲရ တော်တော် ခက်တယ်၊ အပင်ကြီးတာမှ တော်တော်ကြီးကို အိုပြီး… နွယ်တွေ… သစ်ခက်တွေနဲ့ အုံ့အုံ့ဆိုင်းဆိုင်းကြီးကို ကြီးနေတဲ့ အပင်အိုကြီးဗျ …၊ မာလာဆောင်အဝင်ဝ ဝင်းဘေးနားမှာ ရှိနေတာ…။

သိပ်မကြာပါဘူး… ကျွန်တော်တို့ စကားပြောနေတုန်း ကျွန်တော်တို့ တွေ နားကို ခွေးအနက်ကလေး နှစ်ကောင် ပြေးလာကြရင်း လက်ထဲက အထုပ်တွေနား လာနမ်းသလိုလို လုပ်နေကြတယ်၊ ခွေးနက်ဆိုပေမဲ့ ခါတိုင်းလည်း ကားမှတ်တိုင်မှာ ဒီခွေးတွေ မြင်ဖူးနေကျမို့ အထူးအဆန်းလို့ မထင်ခဲ့ပါဘူး။

ထူးဆန်းတာ တစ်ခုက ကျွန်တော်တို့ လည်း မခြောက်လှန့်ပါပဲ အဲဒီခွေးတွေက ကျွန်တော်တို့ နောက်မှာ တစ်ယောက်ယောက်ကို မြင်လို့ လန့်သွားသလိုနဲ့ ထွက်ပြေး သွားကြတာ ပြန်ကို မလာတော့ဘူး၊ ကျွန်တော်တို့ လည်း စိတ်ထဲ အနောက်က ကားမှတ်တိုင်မှာ စောင့်မယ့်သူ တစ်ယောက်ယောက်ကများ လာနောက်ပြောင် ခြောက်လှန့် လိုက်လေ သလားလို့ တွေးမိကြသေးတယ် … အနောက် လှည့်ကြည့်တော့ ဘယ်သူမှ မရှိနေဘူး…၊ ကျွန်တော်တို့ ထိုင်နေတဲ့ နေရာက မီးရောင်နဲ့ တော်တော်ဝေးတဲ့ အမှောင်ဘက်မှာ ၊ ကားမှတ်တိုင်နေရာက လင်းတယ်ဆိုပေမဲ့ အခုထိုင်နေတဲ့ နေရာကနေဆို ခန့်မှန်း အကွာအဝေး ခြေလှမ်း ၂၀လောက်တော့ ရှိလောက်မယ်၊ ခွေးနက်တွေ လက်ထဲက အထုပ်တွေကို လာနမ်းတာလည်း စိတ်ထဲဘယ်လိုမှ မနေပါဘူး… ကျွန်တော်တို့ လက်ထဲမှာ ကိုင်ထားတာက အညှီအဟောက်… ငါးပိတွေပါတဲ့ အထုပ်တွေလေ…၊ အနံ့ကတော့ ဘာသင်းသလဲ မမေးနဲ့ ကိုင်ထားတဲ့ ကျွန်တော် နှာစေးနေတဲ့ သူတောင် အတိုင်းသား ရနေတာ၊ အဲဒီလို ခွေးတွေ ထွက်ပြေးသွားပြီး မကြာဘူး ကျွန်တော့်ဘယ်ဘက်လက် အထုပ်တွေကို

င်ထားတဲ့ လက်ပေါ်ကို အပေါ်ကနေ ရေစက်တွေ ကျလာပါလေရော။

"တောက်... တောက်... တောက်"

"ဟင်... ဟေ့ကောင်တွေကြည့်ဦး... ငါ့လက်ပေါ် ရေစက်တွေ ကျလာတယ်... ဘယ်ကောင် လက်ကမြင်းပြီး ရေသန့်ပုလင်းကို ဆော့နေလဲ မသိဘူးကွာ"

ကျွန်တော် ပြောလိုက်တော့ သူငယ်ချင်းတွေကလည်း ဝိုင်းကြည့်ကြပြီး မယုံသလိုနဲ့

"မင်း ငါတို့ ကို စနေတာမို့လား... ဒီမှာ ဘယ်သူမှ မရှိဘူး... တို့ တွေပဲရှိတာ လူတွေကလည်း ဟိုဘက်မှာ သူ့ဘာသာ နေနေကြတာ... မျက်နှာ မပြောင်နဲ့ ကွာ"

သူတို့ ပြောနေတုန်းမှာ လည်း ကျွန်တော့်လက်ပေါ်ကို ရေစက်တွေက ကျမြဲကျနေတုန်းပဲ...

"ဟာ... မဟုတ်သေးဘူးနော်... ရေစက်တွေက ဆက်တိုက် ကျနေတုန်းဟ မိုးများ ရွာသလား မသိဘူး"

ကျွန်တော် အသံထွက် ပြောလိုက်ရင်း ဘယ်ဘက်လက်ကို အထုပ်ဆွဲထားလျက် ဆန့်ပြလိုက်တယ်... ကျွန်တော် ဆန့်နေတုန်းမှာ လည်း ဆန့်ထားတဲ့ လက်ပေါ် ရေစက်တွေက တတောက်တောက် ဆက်ကျနေတုန်းပဲ... အဲဒါကိုလည်း သူငယ်ချင်းအားလုံး မြင်သွားတယ်... အားလုံးကလည်း မိုးရွာနေသလား ဆိုပြီး ပတ်ဝန်းကျင်ကလူတွေကို ကြည့်ပြန်တော့ အားလုံး အေးဆေးပဲ နောက်ပြီး မိုးရွာတာ ဆိုရင်လည်း လက်တစ်နေရာတည်း ရေစက်ကျစရာအကြောင်း မရှိဘူးလေ၊ ကျန်တဲ့ သူတွေ ကိုယ်ပေါ်လည်း မကျဘူး ကျွန်တော့်လက်ပေါ်ပဲ ရေစက်တွေ ကျနေတာ...၊ ကျွ

န်တော်လည်း စိတ်ထဲ မသိုးမသန့် ဖြစ်နေတာနဲ့ သူငယ်ချင်းတွေ ကြောက်မှာ စိုးလို့ အာရုံပြောင်းသလိုနဲ့ စကားပြောလိုက်တယ်။

"အာ… မိုးရွာထားတဲ့ သစ်ရွက် အစိုတွေကနေ တွဲလွဲခိုနေတဲ့ ရေစက်တွေ အခုမှ လေတိုက်လို့ ကျလာတာ နေမှာ ပါကွာ… အပင်ကြီးကလည်း အကြီးကြီးကိုကွ… ငါနေရာ ပြောင်းထိုင်လိုက်ရင် မင်းအပေါ် ကျလိမ့်မယ် လာလာ နေရာ လဲထိုင်ရအောင်"

သူငယ်ချင်း တစ်ယောက်နဲ့ ကျွန်တော် နေရာပြောင်း ထိုင်လိုက်တယ် အဲဒီလို ပြောင်းလိုက်ပေမဲ့လည်း ရေစက်တွေက သူ့အပေါ် တစ်စက်မှ မကျဘူး ကျွန်တော့်လက်ပေါ်ပဲ ဆက်ကျနေတယ်…၊ ပတ်ဝန်းကျင်ကို ကြည့်တော့လည်း အကုန်လုံးက သူ့အာရုံနဲ့ သူ အေးအေးဆေးဆေးပဲ… အခု ကျွန်တော့် တစ်ယောက်တည်း လက်ပေါ်ကို သစ်ပင်ကြီးပေါ်ကနေ ရေစက်တွေ ကျကျလာတာ ကြုံနေရတယ်၊ ကျွန်တော်လည်း စိတ်မလုံတော့ဘူး စိတ်ထဲ ကြောက်စိတ်လည်း ဝင်လာတာ အမှန်ပဲ… အပေါ်ကို မော့ကြည့်ပြန်တော့လည်း ဘာမှ မတွေ့ရဘူး သစ်ပင်အိုကြီးက ကောင်းကင်ကိုတောင် မမြင်ရအောင် သစ်ရွက်တွေအပြည့်နဲ့ ကာမိုးထားတယ်။

နောက်ဆုံးအကြိမ် ကိုယ်တိုင် စမ်းမယ်ဆိုပြီး လက်ကြီးကို ဆန့်လျက်ကြီးနဲ့ နေရာ ခပ်ဝေးဝေးကို ပြောင်းကြည့် လိုက်တော့လည်း အဲဒီအချိန်ထိ ကျွန်တော့်လက်ပေါ်ကို ရေစက်တွေ တတောက်တောက်နဲ့ ကျနေဆဲပဲလေ…။

ကျွန်တော် နားလည်လိုက်ပါပြီ…၊ လက်ထဲက အထုပ်ကို နေရာမှာ ပဲ ပစ်ချလိုက် ပြန်ရင်လည်း ပေးတဲ့ သူစေတနာကို စော်ကားရာ ကျမယ်၊ မထူးပါဘူး ဖြစ်ချင်ရာဖြစ်ကွာ ဆိုပြီး ရသမျှ ဘုရားစာလေးတွေ စိတ်ထဲ

က ရွှတ်နေမိလိုက်ရင်း လူများများ ရှိပြီး မီးလင်းထိန်နေတဲ့ ကားမှတ်တိုင်မှာ သွားရပ်နေလိုက်တယ်။

ကျွန်တော့်နောက်က သူငယ်ချင်းတွေလည်း ပါလာကြတယ်... သူတို့မျက်လုံးထဲမှာ လည်း ကြောက်စိတ်ကို အတိုင်းသား မြင်နေရတယ်၊ ကျွန်တော် ကိုယ်တိုင်လည်း ကြောက်နေမိပေမဲ့ သူတို့ ပါ ကြောက်နေကြမှာ စိုးလို့ အားတင်း ပြုံးပြလိုက်ရင်း ...

"ဘာမှ မဟုတ်ပါဘူး... ရေစက်တွေပါ ငါက မင်းတို့ ကို အလကား လျှောက်စနေတာ ဟီးဟီး" လို့ ပြောဖြစ်ခဲ့တယ်... မကြာပါဘူး သူငယ်ချင်းတွေ တစ်ယောက်ပြီး တစ်ယောက် သက်ဆိုင်ရာ ကားတွေလာလို့ ပြန်သွားကြတယ်၊ နောက်ဆုံး ကျွန်တော်နဲ့ အိမ်ချင်းနီးတဲ့ လမ်းကြောင်း သင့်တဲ့ သူငယ်ချင်းနဲ့ ကျွန်တော်ပဲ ကျန်တော့တယ်... နာရီကိုကြည့်တော့ ၈ နာရီထိုးနေပြီ၊ ကျွန်တော်တို့ နှစ်ယောက်လည်း ဒီနေရာမှာ ကြာကြာ မနေသင့်တော့ဘူး ဆိုတာရယ်၊ မနေရဲ့ တော့တာ ရယ်ကြောင့် Taxi တစ်စီးကို အတူပေါင်းငှားပြီး အိမ်အမြန် ပြေးဖြစ်ခဲ့တယ်၊ အဲဒီနေ့ညက အိမ်ရောက်တာနဲ့ အိမ်ထဲမဝင်ခင် "ဖတ် ဖတ် ဖတ်" လုပ်ပြီးတော့ အိမ်ထဲက ဘုရားစင်မှာ တင်ထားတဲ့ အန္တရာယ်ကင်း ပရိတ်ရေလေး သောက်ပြီးမှ အိပ်ရာဝင် ဖြစ်ခဲ့တယ်...။

***